**မြန်မာအန်ဂျီအိုများနှင့် စီဘီအိုများ စုံညီအစည်းအဝေး မှတ်တမ်း  (စက်တင်ဘာလ ၁ ရက်၊ ၂၀၂၀)**

**နေရာ။  ။ MNN Office/ Online Zoom Meeting**

**အချိန်။  ။ နံနက် ၁၀နာရီမှ နေ့လည် ၁၂နာရီအထိ**

အစည်းအဝေးသို့ နိုင်ငံတကာအဖွဲ့အစည်းများ၊ မြန်မာအန်ဂျီအိုများနှင့်ပြည်တွင်းအဖွဲ့အစည်းပေါင်း (၂၇)ဖွဲ့မှ ကိုယ်စားလှယ်များ စုစုပေါင်း (၂၉) ဦး တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးတွင် ပုံမှန်အတိုင်း ဖွံ့ဖြိုးရေးကဏ္ဍများနှင့်ပတ်သက်သည့် သတင်းဖလှယ်ရေးအစီအစဉ်များ ပါဝင်သလို အခြားဆွေးနွေးရန် ကိစ္စရပ်များလည်း ပါဝင်သည်။ ယနေ့အစည်းအဝေးတွင် သဘာပတိအဖြစ် ဒေါ်အေးအေးသင်း (H4SS) က နှုတ်ခွန်းဆက်စကား ပြောကြားပြီးနောက် တက်ရောက်လာသူများက တစ်ဦးချင်း မိတ်ဆက်စကား ပြောကြားခဲ့သည်။

**Discussion Point**

- **RfP-M**

- ပြီးခဲ့သည့် အစည်းအဝေးတခုတွင် ဝေဘာဂီဆေးရုံ ယခုနောက်ပိုင်း အလှူရှင်များ လျော့နည်းလာကြောင်း၊ ကိုဗစ်-၁၉ လူနာများများလည်း ရှိနေသေးကြောင်း GSMF မှ ဆရာမက မျှဝေပေးသဖြင့် ဆက်သွယ်သွားရောက်ခဲ့ကြောင်း၊ အဖွဲ့အနေဖြင့် တက်အားသရွေ့လှူဒါန်းမှုများ ပြုခဲ့ကြောင်း၊

- အဖွဲ့အနေဖြင့် ရန်ကုန်၊ မြစ်ကြီးနား၊ လားရှိုး တို့တွင် COVID-19 နှင့် ပတ်သက်၍လည်း လုပ်ဆောင်နေကြောင်း၊ အမျိုးသမီးများအတွက် သင်တန်းများ ပေးနေကြောင်း၊ ပြန်/ဆက် အပါအဝင် အခြားလူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းလုပ်ဆောင်နေကြောင်း၊

- မိမိကိုယ်တိုင်မှာလည်း စစ်တွေမှ ပြန်လာသည့်အတွက် လောလောဆယ် Home Quarantine ဝင်နေကြောင်း၊ စစချင်းတွင် သူနာပြုဆရာမများ လာရောက်ပြီး အချက်အလက်များ မေးမြန်းကောက်ယူကြောင်း၊ နောက်ပိုင်း ၁ရက်တကြိမ် ဖုန်းဖြင့် ဆက်သွယ်မေးမြန်းကြောင်း၊ အဆင်ပြေပါကြောင်း Ko Patrick က မျှဝေပြောကြားခဲ့သည်။

**Rakhine CSOs Network**

- COVID-19 ကူးစက်မှုများရှိသဖြင့် ရခိုင်မှ လာသူများကို ခွဲခြားဆက်ဆံမှုများရှိနေကြောင်း၊ ထိုကဲ့သို့ မဖြစ်စေလိုကြောင်း၊ အားလုံးဝိုင်းဝန်းကူညီကြစေလိုကြောင်းကို ကိုဇေယျာထွန်းက တင်ပြခဲ့သည်။

**Khan Ti Foundation**

- ပြီးခဲ့သည့် အစည်းအဝေးမှတ်တမ်းတွင် မျှဝေခဲ့သည်ကို Update သတင်း ပြောကြားပေးခြင်းဖြစ်ကြောင်း၊ PACE အဖွဲ့အား UEC က ထောက်ခံစာ ထုတ်ပေးလိုက်ပြီဖြစ်ကြောင်း၊ မှတ်ပုံတင်ခြင်းအတွက် ဆက်လက်လုပ်ဆောင်နေကြောင်း၊ မိမိတို့အဖွဲ့မှာ ရွေးကောက်ပွဲဆိုင်ရာလှုပ်ရှားမှုများကို လုပ်ဆောင်နေသည့်အတွက် ထဲထဲဝင်ဝင်သိရှိရသဖြင့် အခြားသောအဖွဲ့များအား မျှဝေပေးခြင်းဖြစ်ကြောင်း ဒေါ်ယဉ်ယဉ်ဝင်းက ပြောကြားခဲ့သည်။

**Wild Rose**

- သံလျင် ဗိုလ်ချုပ်ရွာတွင် အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေးနှင့်သက်ဆိုင်သော လုပ်ငန်းများကို လုပ်ဆောင်နေကြောင်း၊ Share Mercy အဖွဲ့၏ ကူညီထောက်ပံ့မှုဖြင့် ၃နှစ် စီမံချက်ကို  လုပ်ဆောင်နေကြောင်း၊ ကျန်းမာရေး အသိပညာပေးခြင်း၊ ဆရာဝန်များကို ဖိတ်ကြားပြီး အသိပညာပေးခြင်းများကို လုပ်ဆောင်နေကြောင်း၊ တလလျင် ၂ကြိမ်ခန့် သွားရောက်ကြောင်း စသည်ဖြင့် ဒေါ်လှလှချိုက အသိပေးတင်ပြခဲ့သည်။

**MNNCA**

- MNNCA သည် COVID-19 တုံ့ပြန်ဆောင်ရွက်ရေးအတွက် မြန်မာအန်ဂျီအိုကွန်ရက်မှ စိတ်ဝင်စားသော အဖွဲ့အစည်းများ စုပေါင်း

ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာလုပ်ငန်းများကို မတ်လမှ စတင်ကာ လုပ်ဆောင်နေကြောင်း၊ ယခုအခါ UNOPS ၏ အလှူငွေထောက်ပံ့မှု၊ LRC၏ ပံ့ပိုးပေးမှုဖြင့် လှည်းကူးနှင့် မှော်ဘီရှိ ရခိုင်ဘက်မှ စစ်ဘေးရှောင်ပြည်သူများအတွက် ကူညီထောက်ပံ့ပေးမှုများကို ဒီဇင်ဘာလအထိ လုပ်ဆောင်သွားမှာဖြစ်ကြောင်း၊ ယနေ့ နေ့လည်ပိုင်းတွင် MNNCA သီးသန့်အစည်းအဝေးကိုလည်း ပြုလုပ်သွားမှာဖြစ်ကြောင်း၊ အဖွဲ့ဝင်အဖြစ်ပါဝင်လိုသည့် စိတ်ဝင်စားသည့်အဖွဲ့အစည်းများအနေဖြင့်လည်း တက်ရောက်နိုင်ပါကြောင်း ကိုရန်နိုင်ဌေးက အသိပေးတင်ပြခဲ့သည်။

- **H4SS**

- ဩဂုတ်လ ၁၄ ရက်နေ့က ပြုလုပ်ခဲ့သော DAE အစည်းအဝေးကို တက်ရောက်ခဲ့ကြောင်း၊ မူလတန်းအဆင့်သည် Grade 5 ဖြစ်သွားသည့်အတွက် Non Formal Education ကို Formal Education နှင့် ညှိနှိုင်းနိုင်ရန် Curriculum Reform ကိစ္စများအတွက် ဆွေးနွေးခဲ့ကြောင်း၊ Curriculum Reform အတွက် MLRC က Tender ရထားကြောင်း၊ နောက်ပိုင်းတွင် Curriculum အသစ်ဖြင့် သင်သောကလေးများသာ အသိအမှတ်ပြုလက်မှတ်များကို ထုတ်ပေးမည်ဖြစ်ကြောင်း၊ NFPE နှင့် NFE သင်ကြားနေမှုများကို မူလက စက်တင်ဘာလထဲတွင် ဖွင့်နိုင်ရန် စီစဉ်ထားသော်လည်း ယခုအခါမသေချာသေးကြောင်း ဒေါ်အေးအေးသင်းက မျှဝေဆွေးနွေးခဲ့သည်။

**<u>MCDRR</u>**

- ယခုအချိန်တွင် ကိုဗစ်-၁၉ အပြင် နောက်က ကပ်လိုက်လာသည်မှာ ရေကြီးရေလျှံခြင်း သဘာဝဘေးအန္တရာယ်ဖြစ်ကြောင်း၊ ဖြစ်လေ့ရှိသည့်ဒေသများမှ ကလေးများအတွက် ကြိုတင်ပြင်ဆင်ထားမှုများအနေဖြင့် လုပ်ဆောင်နိုင်ရန် စီစဉ်နေကြောင်း၊ မွေးစမှ ၅နှစ်အထိ ကလေးများအတွက် လိုအပ်သည်များကို ဆွေးနွေးထားကြောင်း၊ မွေးစမှ ၁နှစ်၊ ၁နှစ်မှ ၃နှစ်၊ ၃နှစ်မှ ၅နှစ်ဟူ၍ ပိုင်းခြားထားပြီး လိုအပ်သည်များ (အဓိကအားဖြင့် ဆေးဝါး)ကို ထောက်ပံ့ပေးနိုင်ရန်၊ တစ်ဦးလျှင်၂သောင်းခွဲခန့်နှင့် ၃သောင်းခန့် လိုအပ်ကြောင်း၊ အရေးပေါ်ဖြစ်လျှင် ကူနိုင်ရန် စီစဉ်နေကြောင်း၊ အားလုံး ဝိုင်းဝန်းကူညီကြဖို့ တိုက်တွန်းပါကြောင်း၊ ပါဝင်နိုင်ပါကြောင်း ဒေါ်အေးအေးစမ်းက အသိပေးတင်ပြခဲ့သည်။

**<u>MIMU</u>**

- ယနေ့နေ့လည် ၂နာရီတွင် MIMU Orientation Meeting ရှိကြောင်း၊ မြန်မာလိုဖြစ်ပြီး MIMU ထုတ်ကုန်နှင့် ဝန်ဆောင်မှုများအကြောင်း၊ အဖွဲ့အစည်းများက အခမဲ့တောင်းယူနိုင်သည်များ၊ ကိုယ်တိုင်မြေပုံထုတ်ယူခြင်း စသည်တို့ကို ၄၅မိခန့် ရှင်းပြမှာဖြစ်ကြောင်း၊
- Information Network Meeting ကိုလည်း ပုံမှန် ပြုလုပ်လေ့ရှိကြောင်း၊ စိတ်ဝင်စားသူများ ဆက်သွယ်တက်ရောက်နိုင်ပါကောင်း ဒေါ်သီရိမေကျော်က အသိပေးကြေညာခဲ့သည်။

နောက်တကြိမ်အစည်းအဝေးကျင်းပမည့်ရက်- အစည်းအဝေးကို ၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် ကျင်းပမည်ဖြစ်ပါသည်။

အစည်းအဝေးတက်ရောက်သူများစာရင်း

| No. | Name | Sex | Organization Name | Phone No. | E-mail Address |
|---|---|---|---|---|---|
| 1 | Naing Naing Yee | F | Equity | 09 40252 2404 | naingnaingyi@gmail.com |
| 2 | Thiri May Kyaw | F | Myanmar Information Management Unit (MIMU) | 09774077762 | thiri.may.kyaw@undp.org |
| 3 | Aye Aye Thin | F | Hope for Shining Stars (H4SS-S4SK) | 09 798 146 895 | h4ss.s4sk@gmail.com |
| 4 | Yin Yin Win | F | Khan Ti Foundation | 09 43039038 | yyw.khanti.org@gmail.com |
| 5 | Yan Naing Htay | M | CBI | 09 799654124 | info@cbiinmyanmar.org |
| 6 | Kyaw Than Tun | M | Ratna Mahal Education Care Group | 09 431 58608 | ratna.kyaw@gmail.com |
| 7 | Tommy | M | Precious Stones | 09 448008131 | precston@gmail.com |
| 8 | Aung Sian @ Lucy | F | Good Shepherd Myanmar Foundation | 09 250 176 572 | lucyrgs007@gmail.com |
| 9 | Dr. Khin Maung Win | M | Community Development Association | 09 519 0558 | drkhinmwin@gmail.com |
| 10 | U Kya Moo | M | MyanDHRRA | 09 5034483 | kyamoo08@gmail.com |
| 11 | Mi Zar Ni Myint | F | YIHR - Mon | 09 425345046 | goechai@gmail.com |
| 12 | Mana Kee | M | Pann Pyoe Lett Foundation | 09 420663200 | pannpyoe.hr@gmail.com |
| 13 | Win Theint Theint | F | Phyu Sin Satanar Action Group | 09 250153440 | wintheinttheint@pssagmm.org |
| 14 | Patrick Aung Tu | M | RfP-M | 09 400037177 | patrickaungtu@rfpmm.org |
| 15 | Myint Ngwe | M | ASDA | 09 42502 7592 | myintngwe.oyin@gmail.com |
| 16 | Ngwe Thein | M | CBI | 09 5408067 | ngwe1ster@gmail.com |
| 17 | Win Thein | M | PVSWA | 09 506 8912 | maungwt2009@gmail.com |
| 18 | Aye Aye San | F | Myittarmon | 09 250 070 137 | ayeayesan.myittamon@gmail.com |
| 17 | Khin Khin Swe | F | Yadanar | 09 42019 4641 | swekhin175@gmail.com |
| 20 | Nilar Aung | F | Harmony Education Myanmar | 09 40154 0981 | nlaharmony.edu@gmail.com |
| 21 | Zay Yar Tun | M | Rakhine CSOs Network | 09 5024257 | |
| 22 | Hla Hla Cho | F | Wild Rose | 09 961 874863 | hlahlacho24@gmail.com |
| 23 | Dr. May Shi Shio | F | KDN | 09 795 413909 | dr.may.shi.sho@gmail.com |
| 24 | Yi Yi Win | F | SVS | | yiyiwin1951@gmail.com |
| 25 | Thin Nwe Soe | F | Thirst-Aid | | thirstaid3@gmail.com |
| 26 | B Haung Ze | M | Mingalar Foundation | | bmaorgann@gmail.com |
| 27 | Myo Hlaing | M | KDN | 09 42504 1574 | myohlaing20@gmail.com |
| 28 | War War Linn Tun | F | Friendly Child | 09255979181 | war2linhtun@gmail.com |
| 29 | Zawe Thu Yain Aung | M | Pandita Development Institute | 09 252023936 | zawethuyainaung@pandita.asia |